ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (26-1-2008) (၅၅၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇန်နဝါရီ　　၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇန်နဝါရီ　　၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ် ဂျက်ဖရီ(အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇန်နဝါရီ　　၂၆

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ်အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖားကန့်မြို့နယ် နောင်မီးစခန်းရှိ ယုဇန ဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများ မိမိတို့တာဝန်ထမ်းဆောင်ရမည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက် ဒေသနေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် မိမိတို့၏အတတ်ပညာ၊ အသိပညာများဖြင့် ကူညီပံ့ပိုး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမြဲထာဝစဉ်ဖြစ်ထွန်းစေရန် အလေးထားဆောင်ရွက်

နေပြည်တော်　　ဇန်နဝါရီ　　၂၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၆–၁–၂၀၀၈
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝအခြေခံကောင်းများ လက်တွေ့အသုံးချ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်ပြီး သစ်တော၊ သတ္တု၊ သားငါး သဘာဝသယံဇာတများ ကြွယ်ဝသည်။ ကချင်ပြည်နယ် အပါအဝင် နေရာဒေသအများအပြားတွင် စိုက်ပျိုးမြေများ၊ သစ်တောဝါးတောကြီးများ၊ ရေအရင်းအမြစ်များနှင့် တွင်းထွက်သယံဇာတများလည်း ပြည့်စုံနေသည်ဖြစ်ရာ လူတို့၏ အတတ်ပညာ၊ လုံ့လဝီရိယအားဖြင့် ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရန်သာ လိုအပ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံး လွှမ်းခြုံပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးနေသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် ဒေသများ အလျင်အမြန်တိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးစသည့် ကဏ္ဍများတွင် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ကျေးလက်၊ မြို့ပြနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးစည်ပင်လျက်ရှိပြီး ပြည်သူများသည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။

ကချင်ပြည်နယ်ရှိ ပူတာအိုဒေသသည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင် တည်ရှိသော်လည်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေအရင်းအမြစ်များ ရှာဖွေထုတ်လုပ်ရေး၊ တည်ဆောက်ပြီး ဆည်တမံ ရေလွှဲဆည်များမှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူရရှိရေး၊ ဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

ပူတာအိုဒေသသည် ရေခဲများ ဖုံးလွှမ်းလျက်ရှိသော တောင်များ၊ ရှားပါးတိရစ္ဆာန်များနှင့် အပင်များ၊ သဘာဝအလှအပ ရှုခင်းများဖြင့် ပြည့်စုံသောဒေသဖြစ်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း လုပ်ကိုင်ရန် အခြေခံကောင်းများစွာရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သဘာဝအခြေခံကောင်းများကို ထိထိမိမိ လက်တွေ့အသုံးချ လုံ့လဝီရိယစိုက်ထုတ် ကြိုးပမ်းအလုပ်လုပ်ကြခြင်းဖြင့် ပြည်သူများ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ။

ကချင်ပြည်နယ်ရှိ ဖုန်ရင်ရေခဲတောင်သို့ အောင်မြင်စွာတက်ရောက် ခြေချနိုင်ခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ဖုန်ရင်ရေခဲတောင်သို့ အောင်မြင်စွာတက်ရောက်ခြေချနိုင်ခဲ့သော မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်(ကြယ်ပွင့်) တံဆိပ်များကို ခြေလျင်တောင်တက်အဖွဲ့ဝင် အမျိုးသားအားကစားသမားများအား တစ်ဦးချင်း ပေးအပ်ချီးမြှင့်၍ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်ထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဂုဏ်ပြုအထိမ်းအမှတ် (ကြယ်ပွင့်) တံဆိပ်များကို ခြေလျင်တောင်တက်အဖွဲ့ဝင် အမျိုးသမီး အားကစားသမားများအား တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ခေါင်းဆောင်ဒေါက်တာခင်မောင်က ဖုန်ရင်ရေခဲတောင် တက်ရောက်ခဲ့မှု အတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်အားကစားသမားများက အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အားကစားအဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က ခေါင်းဆောင်၍ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ မန္တလေးဆေးတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးရတနာပုံတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း အဖွဲ့ဝင် ၃၉ ဦး ပါဝင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ဖုန်ရင်ရေခဲတောင်သို့ အောင်မြင်စွာ တက်ရောက်ခြေချနိုင်ခဲ့သော မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင် အမျိုးသားအားကစားသမားတစ်ဦးအား ဂုဏ်ပြုအထိမ်းအမှတ်(ကြယ်ပွင့်) ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာစာအဓိကကျောင်းသားများ ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တက္ကသိုလ် (၁၉၆၉–၇၃) မြန်မာစာအဓိက ကျောင်းသား၊ ကျောင်းသူများက အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၂ ဦးတို့အား ဆဋ္ဌမအကြိမ်မြောက် ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၉–၇၃ မြန်မာစာအဓိက ကျောင်းသား၊ကျောင်းသူတိုင်း တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးကျော်ဇေယျ ဖုန်း–၀၉ ၅၀၀၇၈၄၉၊ ဒေါ်ကင်ရွှေဦး ဖုန်း–၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ဒေါ်ချိုချို ဖုန်း–၀၉၅၀၃၉၅၉၀၊ ဦးစိုးညွန့်(တော်ဝင်နှင်းဆီ) ဖုန်း–၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း–၂၀၀၀၁၉၊ ဒေါ်နွယ်နွယ်လင်း ဖုန်း–၆၆၀၀၅၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သန့်–တည်–ပွား အဖွဲ့ ဖေဖော်ဝါရီတရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၅

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း–တည်တံ့–ပြန့်ပွားရေးအဖွဲ့ (သန့်–တည်–ပွား) အဖွဲ့မှ ဖေဖော်ဝါရီအတွင်း ကိုးရက်အဓိဋ္ဌာန် တရားစခန်းများကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိတစ်ကြိမ်၊ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၈ ရက် အထိ တစ်ကြိမ်၊ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ တစ်ကြိမ် သုံးကြိမ် ဖွင့်လှစ်မည် ဖြစ်သည်။

စခန်းဝင်မည့် ယောဂီများအား လှည်းကူး ငါးဆူတောင်ရှိ မြင့်မြတ်အလင်းရိပ်သာသို့ ကြိုပို့ရေးကိုယခင်အတိုင်းစီစဉ်ပေးမည်ဖြစ်ပြီး မတ်လမှစ၍ ပုံမှန်ဖွင့်လှစ်နေကျအတိုင်း ၁၊ ၁၁၊ ၂၁ ရက်တို့တွင် ကိုးရက်စခန်းများ စတင်ဖွင့်လှစ်သွားမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ ရုံးအဖွဲ့ ဖုန်း–၀၁–၇၂၇၂၂၃ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးကြပ်၍ အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စရီမာရီယမ္မာန် ဘုရားကျောင်း မီးနင်းကွင်း၌စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင်အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမင်း၊ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီနာယက ဦးသန်းအောင်၊ ထက်မြက်အောင်(ရွှေဆိုင်)ပိုင်ရှင် ဦးချစ်တင်တို့ အလှူငွေများ လှူဒါန်းရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်စိုး(လှိုင်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ သတင်းစာဆရာ၊ စာရေးဆရာကြီးသာဂဒိုးက သက်ရှည်ကျန်းမာစကားပဒေသာ၊ စာရေးဆရာ ချစ်ဦးညိုက လှိုင်နှင့် ၂၁ ရာစု **(အောက်ပုံ)**၊ စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ သုမောင်က စာပေနှင့်ဂီတ ခေါင်းစဉ်

အသီးသီးဖြင့် ဟောပြောကြကြောင်းသတင်း ရရှိသည်။ (စာပေနှင့်စာနယ်ဇင်း)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းအတွက် မိဘများဖြစ်သော ဦးခင်မောင်ကြီး–ဒေါ်တင်တင်အေး (သိန်းကြီးပလတ်စတစ်လုပ်ငန်း) ဗိုလ်ချုပ်လမ်းတို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ကိုယ့်မင်းကိုယ်ချင်းလမ်းနေ သား ဦးခင်မောင်ဇော်–ဒေါ်မွေးမွေးခင် မိသားစုက အလှူငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ၉ လမ်း (မြောက်)နေ အလှူရှင် ဒေါ်သန်းရွှေ မိသားစုက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အလှူငွေကျပ် ၅၀၀၀၀၀ လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူစဉ်။ (ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း–၆၄၄၈၅၇၊ ရုံးအဖွဲ့ ဖုန်း–၆၄၄၈၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။) (က–ပ)

မကောင်းသောစိတ်၏ စေရာ

စိတ်သည် အရာရာကို ဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် မကောင်းသော စိတ်အကြံဖြင့် ဝစီကံပြောဆိုခြင်း၊ ကာယကံပြုလုပ်ခြင်းတို့ကြောင့် ထိုသူ၏နောက်သို့ (လှည်းဘီးစက်ဝန်းသည် ဝန်ဆောင်သောနွား၏ ခြေရာနောက်သို့ အစဉ်လိုက်ဘိသကဲ့သို့) ဒုက္ခဆင်းရဲသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၁)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအား ယင်းဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးတင်စိုး ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ)	ဦးမင်းလွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာ ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာမြအေး ဒုတိယပါမောက္ခချုပ် မန္တလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန။	ပါမောက္ခချုပ် မန္တလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ တေးဂီတအစီအစဉ်
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ ဘိုင်းဒါးရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Grammar Made Easy.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁:၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း–၆)**
- ၁:၄၅ ၇။ ယဉ်ကျေးမှုအမွေ သမိုင်းသက်သေ
- ၂:၀၀ ၈။ **လောကနီတိ(၄) "လုပ်ခြင်း၏အဓိပ္ပာယ်" (အကယ်ဒမီဇင်ဝိုင်း၊နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊စုချစ်ဇော်) (ဒါရိုက်တာ–ဦးခင်ဇော်)**
- ၂:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅:၀၀ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅:၃၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း–၇)**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း–၁၅)**
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

၁၉၈၇ ခုနှစ်နှင့် ၁၉၈၁ခုနှစ် စက်မှုတက္ကသိုလ် မြို့ပြကျောင်းဆင်းကျောင်းသားဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို လှည်းတန်းမီးပွိုင့်အနီးရှိ တက္ကသိုလ်များ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ ၁၂ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာများအတွက် အလှူငွေ ထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း–၀၉–၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း–၀၉–၉၈၂၅၆၄၉၊ ကိုကိုအေး ဖုန်း–၀၉–၅၁၁၉၀၇၀၊ Dr. ဉာဏ်မြင့်ကျော် ဖုန်း–၀၉–၅၀၃၃၅၅၈၊ မမော်မော်ကြည် ဖုန်း–၀၉–၈၀၂၀၉၇၈၊ ကိုတိုးတိုးဝင်း ဖုန်း–၀၉ ၅၀၁၄၄၈၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနဘ်ခူခါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံအမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ စတီဖင် စမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် နဝမအကြိမ် FDI-MDA ပူးတွဲ အစည်းအဝေးဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

(၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် နဝမအကြိမ် FDI-MDA ပူးတွဲ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ စာတမ်းရှင်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင် ဆရာဝန်များနှင့် ပြည်နယ်နှင့် တိုင်းအသင်းများမှ ကိုယ်စားလှယ်ဆရာဝန်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက သွားဘက်ဆိုင်ရာ ဆေးပစ္စည်းများနှင့် ဆေးကိရိယာပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် (၁၅) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်တင်မြှောက်ရာဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွဋ်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူးနှင့် အထွေထွေ အတွင်းရေးမှူး ဒေါက်တာ ငွေးမြင့်ဦး တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ညီလာခံနှင့် FDI-MDA ပူးတွဲ အစည်းအဝေးကို စတင်ကျင်းပရာ ပြည်တွင်း ပြည်ပ စာတမ်းရှင်များက သွားဘက်ဆိုင်ရာ ဆေးပညာရပ်စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

(သတင်းစဉ်)

(၂၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန် ညီလာခံနှင့် နဝမအကြိမ် FDI - MDA ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများ သွားဘက်ဆိုင်ရာ ဆေးပစ္စည်းများနှင့် ဆေးကိရိယာပြခန်းများကို ကြည့်ရှုကြစဉ်။

(ဓာတ်ပုံ–ကုန်သည်/ စက်မှုအသင်းချုပ်)

တရားပွဲသတင်းများ

ထေရဝါဒ ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဓာနည် ၁၄ လမ်း (အထက်)၌ တတိယအကြိမ်မြောက် ထေရဝါဒဓမ္မပူဇာသဘင်ကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၇ ရက် ညနေ ၆ နာရီတွင် ဆရာတော် အရှင်ကုဏ္ဍလ (အောင်ခြင်းဆရာတော်)၊ ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီတွင် ဆရာတော် အရှင်နန္ဒသာမိဘိဝံသ (ကန်ဦးဇေတဝန်ကျောင်းတိုက်ဆရာတော်)၊ ဇန်နဝါရီ ၂၉ ရက် ညနေ ၆ နာရီတွင် ဆရာတော် အရှင်ခေမိန္ဒ (စစ်ကိုင်း–ခင်မကန်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

ပုညာရာမဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်တွင်း၊ ပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ပုညာနန္ဒ (ဗဟုဇနဟိတဓရ) ဆရာတော်သည် မွန်ပြည်နယ်ရေးမြို့ အစင်ကျေးရွာ သီရိမင်္ဂလာဓမ္မာရုံ၌ ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ၊ မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်ဘုရားဓမ္မာရုံ၌ ဇန်နဝါရီ၃၀ ရက်မှ ၃၁ ရက်အထိ၊ သထုံမြို့ ရွှေစာရံစေတီတော်၌ ဖေဖော်ရီ ၁ ရက်မှ ၂ ရက်အထိ၊ သာကေတမြို့နယ် ၃ ရပ်ကွက် မာန်ပြေ ဗုဒ္ဓဝေယျာဝစ္စဓမ္မာရုံ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိနှင့် ဗဟန်းမြို့နယ် မင်္ဂလာဈေးဓမ္မာရုံ၌ ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီခွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုလ္လဘ ၄၅၀ ရဟန်းခံပွဲနှင့် တရားစခန်းပွဲ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၅

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ (၇၇)၏ ပဓာနနာယက၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက၊ ပြည်တွင်း၊ ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏ ဝိဇာတမင်္ဂလာ အထိမ်းအမှတ် ဒုလ္လဘရဟန်း ၄၅၀ အား သင်္ကန်းပရိက္ခရာများ လှူဒါန်း၍ ရဟန်းခံပေးပြီး သိမ်ဆင်းသံဃာအပါး ၅၀၀ အား သိမ်ဆင်းလောင်းလှူပွဲနှင့် (၁၁၃)ကြိမ်မြောက် ၁၀ ရက် တရားစခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ မဟာပဓာနနာယက ဘဒ္ဒန္တနန္ဒဝံသက ဩဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးပြီး အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကို ဟောကြားပြသတော်မူကြောင်း သတင်းရရှိသည်။ (က–ပ)

ဥရောပသမဂ္ဂ လုပ်သားဈေးကွက်တွင် အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်း နည်းပါး

ဘရပ်ဆယ်လ် ဇန်နဝါရီ ၂၅

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများရှိ လုပ်သားဈေးကွက်တွင် အမျိုးသမီးများ၏ အလုပ်အကိုင်ရရှိမှု အနေအထားသည် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အခွင့်အလမ်း တန်းတူမဖြစ်ဘဲ နိမ့်ကျနေသည်ကို တွေ့ရကြောင်း ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်သည့် ဥရောပကော်မရှင်၏ အစီရင်ခံစာ၌ ဖော်ပြသည်။

အလုပ်လုပ်ကိုင်သူ အမျိုးသမီးများ၏ ပညာရေးအဆင့်အတန်း မြင့်မားလာသော်လည်း အလုပ်ရရှိမှု အခွင့်အလမ်းတွင် အမျိုးသားများထက်နည်းပါးနေပြီး လစာမှာလည်း နိမ့်ကျလျက်ရှိကြောင်း တင်ပြထားသည်။ ထိုအစီရင်ခံစာကို ဖေဖော်ဝါရီတွင် ကျင်းပမည့် ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် တင်သွင်းမည်ဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီး လုပ်ခလစာကွာခြားမှု၊ လုပ်သားဈေးကွက်တွင် အမျိုးသမီးများ ခွဲခြားခံနေရမှုနှင့် လုပ်ငန်းခွင်တွင် မညီမျှမှုစသည့် နယ်ပယ်များတွင် အမျိုးသမီးများအတွက် အခွင့်အလမ်း ပိုမိုပွင့်လင်းလာစေရေး ဖြည့်ဆည်းပေးရန် လိုအပ်နေသေးသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာဒေသနှင့် အီဂျစ်နိုင်ငံ နယ်စပ်ရာဖာမြို့အနီး နယ်စပ်တံတိုင်းကြီး ပြိုကျသွားပြီးနောက် အီဂျစ်နိုင်ငံဘက်သို့ သွားရောက်၍ ဈေးဝယ်နေကြသော ပါလက်စတိုင်းပြည်သူများအား ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်

ပေကျင်း ဇန်နဝါရီ ၂၅

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယမန်နှစ်ကထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ယင်းတိုးတက်မှုမှာ ၁၃နှစ်ဆက်တိုက် စီးပွားရေးလျင်မြန်စွာ တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ကြေညာသည်။

ပို့ကုန်များ မြင့်တက်လာခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းသည် ၂၀၀၇ခုနှစ်အတွင်း စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ထိုသို့ စီးပွားရေးတိုးတက်မှုလျင်မြန်လာခြင်းကြောင့် ကမ္ဘာ့ တတိယအကြီးဆုံးနိုင်ငံအဖြစ် ဂျာမနီနိုင်ငံထံမှ လွှဲပြောင်းရယူလိမ့်မည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်တင်ပြထားသည်။

ဂျာမနီနှင့် တရုတ်နိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအဆင့်၌သာ ရှိနေဆဲဖြစ်သည်။

အင်တာနက်။

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တောင်ကိုရီးယားတွင် ဖွင့်လှစ်

ဆိုးလ် ဇန်နဝါရီ ၂၅

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ရေနံဈေးနှုန်း ကြီးမြင့်မှုကြောင့် အကျပ်အတည်းဖြစ်နေချိန်တွင် တောင်ကိုရီးယားနိုင်ငံသည် ယင်း၏ ခေတ်အမီဆုံး နေရောင်ခြည်စွမ်းအင်သုံး မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်လိုက်ကြောင်း ဇန်နဝါရီ ၂၃ ရက်ထုတ် ကိုရီးယားဟာဒယ်သတင်းစာက ဖော်ပြသည်။

ဆိုလာဓာတ်အိုးသုံး နေရောင်ခြည်စွမ်းအင် မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံမှာ ကိုရီးယားနိုင်ငံ ဒူဂိုအရပ်အနီးတွင် တည်ရှိကြောင်း ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

ကုန်ကျ

ယင်းနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်ပေးသော ဓာတ်အားသည်အိမ်ခြေ ၁၂၀၀၀ အတွက် လုံလောက်မည်ဖြစ်ပြီး ဓာတ်အားရောင်းချခြင်းဖြင့် ယခုနှစ်တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၆၃ သန်းရရှိမည်ဟု ဝန်ကြီးဌာနက မျှော်မှန်းထားသည်။ ထိုစက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၄၂ သန်း ကုန်ကျသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်လေတပ် လေယာဉ်ပျက်ကျ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက် နယ်စပ်ဒေသ ပြည်နယ်ဆွာဘီဒေသအနီး၌ ပါကစ္စတန် လေတပ်ဖွဲ့(ပီအေအက်ဖ်)၏ တီ-၃၇ အမျိုးအစားလေ့ကျင့်ရေးလေယာဉ်သည် ဇန်နဝါရီ ၂၂ ရက်က ပျက်ကျခဲ့ကြောင်း ပါကစ္စတန်သတင်းစာတွင် ဖော်ပြသည်။

အဆိုပါ မတော်တဆဖြစ်ပွားသည့် အကြောင်းရင်းကို ထုတ်ဖော်ပြောကြားခြင်းမရှိချေ။ လေ့ကျင့်ရေး လေယာဉ်ပျက်ကျခြင်းကြောင့် လေယာဉ်မှူးမှာသေဆုံးသွားသည်။ ပျက်ကျရခြင်းအကြောင်းရင်း သိရှိရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ကြောင်း ပီအေအက်ဖ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်စစ်သုံးစရိတ် မြင့်တက်

ဝါရှင်တန် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ စစ်ပွဲများ၊ အခြားအကြမ်းဖက်တိုက်ဖျက်မှု စစ်ဆင်ရေးများအတွက် ၂၀၀၇ ခုနှစ်၌ အမေရိကန်နိုင်ငံအစိုးရခန့်မှန်းခြေရသုံးငွေစာရင်း၌ စစ်သုံးစရိတ်များ တိုးမြင့်လာကြောင်း အမေရိကန်လွှတ်တော်က ဗုဒ္ဓဟူးနေ့တွင် အစီရင်ခံစာထုတ်ပြန်သည်။

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်လက်ထက်တွင် စစ်အသုံးစရိတ်သည် ပျမ်းမျှအားဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၉၃ ဘီလီယံရှိပြီး ၂၀၀၆ ခုနှစ်တွင် အမေ ရိကန်ဒေါ်လာ ဘီလီယံ ၁၂၀နှင့် ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၁၇၁ ဘီလီယံသို့ တိုးမြင့်လာသည်။

၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းခြေ ရသုံးငွေစာရင်းတွင် စစ်သုံးစရိတ် ဒေါ်လာ ၁၉၃ ဘီလီယံအထိ ဘုရှ်က မကြာမီက တောင်းခံခဲ့သည်။

အမေရိကန်နိုင်ငံတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပြန်လည်တည်ဆောက်ရေးအပါအဝင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံ စစ်ပွဲများအတွက် အသုံးစရိတ်ကို ဒေါ်လာ ၆၉၁ ဘီလီယံခန့် လွှတ်တော်က သတ်မှတ်ပေးခဲ့သည်။

အီရတ်နိုင်ငံ စစ်ရေးတိုက်ခိုက်မှုတွင် အသုံးစရိတ်အမေရိကန်ဒေါ်လာ ဘီလီယံ ၄၄၀သုံးစွဲ ကျခံခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းတောင်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွား

ဗန်ကောက် ဇန်နဝါရီ ၂၅

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ် ယာရင့်ခရိုင်တွင် ဇန်နဝါရီ ၂၂ရက် နံနက် ၁၀ နာရီခန့်က တပ်ဖွဲ့ဝင်လေးဦး ကင်းလှည့်နေစဉ် သောင်းကျန်းသူများ ချုံခိုတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း သည်နေ့ရှင်းသတင်းစာက ဖော်ပြရေးသားသည်။

ထိုင်းနိုင်ငံတောင်ဘက်စွန်း ပြည်နယ်များဖြစ်သည့် နာရာသီဝပ်၊ ပတ္တာနီနှင့် ယာလာပြည်နယ်တို့တွင် လေးနှစ်တာကာလအတွင်း သောင်းကျန်းသူများ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၈၀၀ ကျော် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror — နိုင်ငံတကာ သတင်းများ

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ဖြစ်ပွားသော အဓိကရုဏ်းကြောင့် မီးလောင်သွားသော နေအိမ်အချို့ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်ပြီး ရေကြီး၍ ၁၄ဦးသေဆုံး

မာပူတို ဇန်နဝါရီ ၂၅

တောင်အာဖရိကဒေသ မိုဇမ်ဘစ်နိုင်ငံရှိ ထောင်ပေါင်းများစွာသော ရေဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများကို လေကြောင်းမှတစ်ဆင့် စတင်ပို့ပေးနေပြီဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

သေဆုံး

မိုဇမ်ဘစ်နိုင်ငံတွင် ဖြစ်ပွားသော ရေကြီးမှုကြောင့် ၁၄ ဦး သေဆုံးပြီး အမြောက်အမြား အတိဒုက္ခရောက်ရသည်။ ထိုဒုက္ခသည်များအတွက် လူသားချင်းစာနာသော အထောက်အပံ့များပေးရန်၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အပြင် လောင်စာနှင့်အခြားအကူအညီများပေးရန်အမေရိကန်ဒေါ်လာ ၄၃သန်းလိုအပ်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ဇမ်ဘီယာ၊ မိုဇမ်ဘစ်၊ ဇင်ဘာဘွေနှင့် မာလာဝီနိုင်ငံတို့သည် သီတင်းပတ်များစွာ သည်းထန်စွာရွာသွန်းသောမိုးဒဏ်ကို ခံစားကြရသည်။ သက်ဆိုင်ရာ နိုင်ငံအသီးသီးရှိ မြစ်ရေများ လျှံတက်လာသည့်အတွက် ဒါဇင်နှင့်ချီ၍ သေဆုံးပြီး ထောင်ပေါင်းများစွာမှာ ရေကြီးနေသောအိမ်များကိုပစ်၍ ပြေးကြရသည်။

မိုဇမ်ဘစ်နိုင်ငံ အလယ်ပိုင်းဇမ်ဗီဇီးလွင်ပြင်ဒေသမှစ၍ ကယ်ဆယ်ရေးပစ္စည်းများကို ဒဗလျူအက်ဖ်ပီအဖွဲ့က ဖြန့်ဝေလျက်ရှိသည်။ ဖြန့်ဝေသော ပစ္စည်းများတွင် ခြင်ထောင်များ၊ ရွက်ဖျင်များ၊ပလတ်စတစ်စများနှင့် အစားအသောက်များပါဝင်သည်။ လေးရက်အတွင်း ဒုက္ခသည်များထံ စားနပ်ရိက္ခာ ၇၄ တန်ကို ရဟတ်ယာဉ်ဖြင့် ပေးပို့သွားရန် စီစဉ်လျက်ရှိကြောင်း အဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဒုက္ခသည် ၇၆၀၀၀ခန့်မှာ ရေလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြသည်။ အများအပြားမှာ ကုန်းလမ်းဖြင့် ဆက်သွယ်၍မရနိုင်သော ရေပိတ်နေသည့်နေရာများတွင် သောင်တင်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမ္မတလောင်းအရွေးခံမည့် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ် အက်ဒွပ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သမ္မတလောင်း ရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ်ပါတီမှ ဘာရက်အိုဘားမား။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သမ္မတလောင်း အရွေးခံမည့် ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူ ဟီလာရီကလင်တန်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကယ်ရိုလိုင်းနားတွင် အိုဘားမားအပေါ် ထောက်ခံမှု အနည်းငယ်ကျလာသော်လည်း ကလင်တန်ကို အသာရနေဆဲဟုဆို

ဖလောရင့်(တောင်ကယ်ရိုလိုင်းနား) ဇန်နဝါရီ ၂၅

တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် ကျင်းပမည့် အမေရိကန်သမ္မတလောင်း ရွေးချယ်ရေး အကြိုအခြေခံအဆင့် ရွေးပွဲကျင်းပရန် နှစ်ရက်သာလိုသည့်အချိန်တွင် ဒီမိုကရက်တစ်ပါတီမှ အဓိကယှဉ်ပြိုင်သူနှစ်ဦးအပေါ် ပြည်သူ့သဘောထား မည်သို့ရှိသည်ကို စူးစမ်းထားသော လေ့လာချက်တစ်ရပ်ထွက်ပေါ်လာသည်။

ထိုစစ်တမ်းအရ ဘာရက်အိုဘားမားက ဟီလာရီကလင်တန်အပေါ် အသာရနေမှု အခြေအနေသည် သိသိသာသာ ကွာခြားနေရာမှ အနည်းငယ်နိမ့်ဆင်းလာသည်ကိုတွေ့ရကြောင်း ရိုက်တာသတင်းဌာန စီစပန်နှင့် ဆော့သ်ဘီတို့၏လေ့လာချက် စစ်တမ်းက ဖော်ပြသည်။ ဂျွန်အက်ဒွပ်အပေါ် လူထုထောက်ခံမှုသဘောထားမှာမူ အနည်းငယ်မြင့်တက်လာသည်ဟု ဆိုသည်။

ထိုလေ့လာမှုသည် ကွဲလွဲနိုင်ခြေ ၃ဒသမ ၅ရာခိုင်နှုန်းနီးပါးရှိသည်။ ဇန်နဝါရီ ၂၁ရက်က သမ္မတလောင်းယှဉ်ပြိုင်သူများသည် မာတယ်ကမ်းခြေ၌ စကားစစ်ထိုးခဲ့ကြရာ အိုဘားမားနှင့် ကလင်တန်တို့သည် တစ်ဦးနှင့်တစ်ဦး နောက်ကြောင်းများကို ဖော်ပြကာ ပြင်းပြင်းထန်ထန်ပုတ်ခတ်ခဲ့ကြသဖြင့် ဂျွန်အက်ဒွပ်က ထိုဖြစ်ရပ်ကို ဝေဖန်ပြစ်တင်ခဲ့သည်။ ဂျွန်အက်ဒွပ်သည်လည်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဝင်ရောက် ယှဉ်ပြိုင်သူတစ်ဦး ဖြစ်သည်။

ထိုစကားစစ်ထိုးပွဲ ပြီးဆုံးသွားပြီးနောက် ကလင်တန်နှင့် အိုဘားမားတို့အပေါ် ထောက်ခံသူအရေအတွက် အတန်ငယ်ကျဆင်းသွားပြီး အက်ဒွပ်အပေါ် ထောက်ခံမှုပေးသူများပြားလာသည်ကို တွေ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အရက်သောက်သည့်လူငယ် ဗြိတိန်၌ များပြားလာ

လန်ဒန် ဇန်နဝါရီ ၂၅

ဗြိတိန်နိုင်ငံတွင်အသက်ငယ်ရွယ်သူ လူငယ်ဦးရေ၏ တစ်ဝက်ခန့်သည် ဆယ်ကျော်သက်အရွယ် မရောက်မီကပင် အရက်သေစာသောက်နေကြကြောင်း ဇန်နဝါရီ ၂၃ရက်တွင် ထုတ်ပြန်သော အရက်သောက်မှု တိုက်ဖျက်ရေးနှင့် လူ့ကျင့်ဝတ်ပြုပြင်ရေးဌာန၏ လေ့လာချက်တွင် ဖော်ပြထားသည်။

အရက်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေပြီး ရာဇဝတ်မှုဖြစ်ပွားမှုလည်း များလာစေကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

သောက်စားပျော်ပါးမှု လေ့လာချက်ဟု ခေါင်းစဉ်ပေးထားသော စာတမ်းကိုပြုစုရာ၌ လူငယ်များ၏ ပြုမူနေထိုင်မှုစရိုက်နှင့် ပတ်သက်၍ အသက်(၁၀)နှစ်မှ (၁၉)နှစ်ကြားရှိ လူငယ် ၁၂၅၀ကို တွေ့ဆုံမေးမြန်းကာ ပြုစုထားခြင်းဖြစ်သည်။

ထိုသို့ မေးမြန်းရာတွင် ဖြေကြားသူထက်ဝက်ခန့်သည် အရက်ကို ငယ်ငယ်ရွယ်ရွယ်နှင့် သောက်သုံးမိသည့်အတွက်ကြောင့် ၎င်းတို့သည် ရန်ဖြစ်ခြင်း၊ ဆူပူခြင်းနှင့် စိတ်လိုက်မာန်ပါပြုမူခြင်း စသည့်အပြုအမူတို့တွင် ပါဝင်ပတ်သက်မိခဲ့သည်ဟု ဖြေကြားသည်။

ဗြိတိန်နိုင်ငံတွင် ငယ်ရွယ်သူများ အရက်သောက်သုံးမှု တိုးလာခြင်းကြောင့် ကျန်းမာရေးနှင့် ရာဇဝတ်မှုတို့ ပိုမို၍ ဖြစ်ပွားစေကြောင်း ရာဇဝတ်မှုတားဆီးရေး စေတနာအဖွဲ့က ထုတ်ပြန်သည်။ ဖြေကြားသူတစ်ဝက်ခန့်က အသက်(၁၃)နှစ် သို့မဟုတ် (၁၃)နှစ်အောက် အရွယ်ကတည်းက အရက်ကို စတင်သောက်သုံးခဲ့ကြောင်း၊ သုံးပုံတစ်ပုံခန့်သည် အရက်ကို စွဲစွဲမက်မက် သောက်သုံးချင်လာကြောင်းနှင့် လေးပုံတစ်ပုံသည် အရက်သောက်ပြီးနောက် ဥပဒေနှင့် ငြိစွန်းသော လုပ်မှားကိုင်မှားကိစ္စများ ပြုမိကြကြောင်း ဖြေကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာရေးရာ သတင်းများ

အမေရိကန်နှင့် အီရန်ရေတပ် သင်္ဘောချင်း ပြဿနာဖြစ်မှု အမေရိကန်၏ကန့်ကွက်ချက် အီရန်ကလက်မခံဘဲ ငြင်းဆန်

တီဟီရန် ဇန်နဝါရီ ၂၅

အီရန်နှင့် အမေရိကန်ရေတပ်သင်္ဘောများအကြား မကြာမီက ထိပ်တိုက်တွေ့သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ အမေရိကန်၏ ကန့်ကွက်ချက်ကို အီရန်က လက်မခံငြင်းဆန်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမေရိကန်က ပါရှင်းပင်လယ်ကွေ့ဟု စကားလုံးသုံးရမည့်အစား ပင်လယ်ကွေ့ဟုသာ သုံးစွဲထားခြင်းကြောင့်ဖြစ်ကြောင်း အိုင်အာရ်အင်အေ သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အမေရိကန်အစိုးရက ပါရှင်းပင်လယ်ကွေ့ဟု အသုံးပြုရမည့်အစား ပင်လယ်ကွေ့ဟုသာ အသုံးပြုထားသဖြင့် အီရန်က ပယ်ချခဲ့ကြောင်း အမေရိကန်ရေးရာဌာန အကြီးအကဲဖြစ်သူ အလီအက်ကဘာရီဇိုင်က ဖော်ပြပါ သတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်က ဇန်နဝါရီ ၆ရက်က ဖြစ်ပွားသည့် သင်္ဘောချင်း ထိပ်တိုက်တွေ့သည့်ကိစ္စကို မကျေနပ်ကြောင်း တရားဝင်တိုင်တန်းသည်ဟု ဇန်နဝါရီ ၁၀ရက်တွင် ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်အတွင်း အီရန်သင်္ဘောငါးစင်းက ဟော်မုဇ်ရေလက်ကြား၏ နိုင်ငံတကာရေပြင်ပိုင်နက်တွင် အမေရိကန်စစ်သင်္ဘောသုံးစင်းကို ခြိမ်းခြောက်ပြီး နှောင့်ယှက်ခဲ့သည်ဟု အမေရိကန်က ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ မကျေနပ်ကြောင်း ဖော်ပြသည့် သံတမန်ရေးရာစာချွန်လွှာကို ဆွစ်ဇာလန်သို့ပေးပို့ရန် မိမိတို့ပြင်ဆင်ထားသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တွမ်ကာဆေးက သတင်းထောက်များသို့ ပြောကြားသည်။

အမေရိကန်က အီရန်နှင့် ၁၉၈၀ပြည့်နှစ်အတွင်းက သံတမန်အဆက်အသွယ်ဖြတ်ခဲ့ပြီးနောက် ဆွစ်ဇာလန်က တီဟီရန်ရှိ အမေရိကန်အကျိုးစီးပွားများကို ယင်း၏သံရုံးမှတစ်ဆင့် စောင့်ကြပ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း နယ်စပ်ဒေသ၌ လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်နှစ်ဦးကို ဇန်နဝါရီ ၂၂ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်တပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား စစ်ဆင်တိုက်ခိုက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၅

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက တောင်ပိုင်းရှိ ဝါဇီရစ်စတန်လူမျိုးစု ဒေသရှိ ဒေသခံစစ်သွေးကြွများကို ဗုဒ္ဓဟူးနေ့တွင် အကြီးအကျယ် စစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ ချာမာလိုင်နှင့် စပင်ကိုင်-ရက်ဇိုင် ဒေသများတွင် တစ်ဖက်နှင့်တစ်ဖက် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်ဟု နယူးစ်နက်ဝပ် အင်တာနေရှင်နယ် သတင်းဌာနက ဒေသခံများ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။ တောင်ပိုင်း ဝါဇီရစ်စတန်ဒေသတွင် စစ်သွေးကြွများ၏ လတ်တလော တိုက်ခိုက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကင်းနှင့်စခန်းများ စစ်ဆေးပြီး လူအင်အား ဖြည့်တင်းထားခဲ့သည်ဟု ပါကစ္စတန် စစ်ဘက်ကြေညာချက်တွင် ပါရှိသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ဇ်မက်နှင့် အေရိယာတိုင်ယာဇာ ဒေသရှိ စစ်သွေးကြွများ၏ ပုန်းအောင်းရာနေရာများသို့ ဝင်ရောက်တိုက်ခိုက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများသည် လက်ဖီယာမြို့တွင် ဆက်လက် တိုက်ခိုက်နေကြသည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်အရေးကိစ္စ နေတိုးအတွင်းရေးမှူးချုပ်နှင့် မူရှာရက်ဖ် ဆွေးနွေး

ဘရပ်ဆယ် ဇန်နဝါရီ ၂၅

ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့တွင် ဇန်နဝါရီ ၂၁ရက်က နေတိုး အထွေထွေအတွင်းရေးမှူးချုပ် ဂျက်ဖ်ဒီဟိုဖ့်ရှီဖာနှင့် ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်တို့သည် အာဖဂန်အရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။ အာဖဂန်နှင့်ပါကစ္စတန် နှစ်နိုင်ငံစလုံးသည် အကြမ်းဖက်မှု၊ အစွန်းရောက် ဆူပူလှုပ်ရှားမှုတို့နှင့် ကြုံတွေ့နေရကြောင်း နေတိုးအဖွဲ့က ပြောကြားသည်။

အာဖဂန်နှင့်ပါကစ္စတန်နိုင်ငံတို့တွင် ကြုံတွေ့နေသည့် ပြဿနာတို့ကို ဖြေရှင်းနိုင်ရန် နေတိုးအဖွဲ့သည် အနီးကပ်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့ သဘောတူညီခဲ့သည်။ ပါကစ္စတန်တွင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် တရားမျှတမှုဖြစ်စေရမည်ဟု မူရှာရက်ဖ်က ကတိပြုခဲ့သည်။ နေတိုးအဖွဲ့နှင့် ပါကစ္စတန်အကြား ဆက်ဆံရေးတို့ကို အလေးအနက်ထားကြရန်လည်း သဘောတူခဲ့သည်။ ၂၀၀၅ခုနှစ်က ပါကစ္စတန်နိုင်ငံတွင် ငလျင်လှုပ်စဉ်က ပျက်စီးမှုဘေးဒုက္ခကို နေတိုးအဖွဲ့က ကူညီထောက်ပံ့ပေးပြီးနောက်တွင် နေတိုးနှင့် ပါကစ္စတန်ဆက်ဆံရေး တစ်စတစ်စ ပြန်လည်အဆင်ပြေလာသည်။

အမ်အင်အေ၊ဆင်ဟွာ။

✻ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဆီထွက်သီးနှံ နေကြာရှစ်တင်းကို တောင်သူ ဦးတိလောကထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒေသခံ တောင်သူလယ်သမားများအား တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများကို မှာကြားကာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတွင် မြစ်ရေတင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လင်းခေးမြို့နယ် နွယ်ဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ လင်းခေးခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က ခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးက ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများနှင့် မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီးနောက် ဒေသခံရပ်မိရပ်ဖ ဦးငွေခိုင်က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြို့နယ်ဥက္ကဋ္ဌထံ ရုပ်မြင်သံကြားစက်ကို ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများကိုလည်းကောင်း၊ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးဉာဏ်လင်းက လင်းခေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် သုတရသစာအုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပြောင်းလဲလာသည့် အခြေအနေမှန်ကို ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လေ့လာသုံးသပ်သိရှိကြစေလိုကြောင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အထူးကြိုးပမ်းလုပ်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများ သိရှိနားလည်အောင် အသိပေးပြောကြားကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ဓမ္မရိပ်မဂ္ဂဇင်းထုတ်ဝေခြင်း မိတ်ဆက်ပွဲနှင့် သက်ကြီးစာပေပညာရှင်များအား ဂါရဝပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ဓမ္မရိပ်မဂ္ဂဇင်း အတွဲ(၂)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိခြင်း စာနယ်ဇင်း မိတ်ဆက်ပွဲ၊ သက်ကြီးစာပေပညာရှင်များနှင့် နာမကျန်း စာပေပညာရှင်များအား ဂါရဝပြု လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ Mr. Brown Cafe ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး မောင်လွင်မွန်(ကသာ)က အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာ၍ ဓမ္မရိပ်မဂ္ဂဇင်းနာယက ဆရာတော် ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)က အဖွင့်ဩဝါဒစကား ချီးမြှင့်တော်မူသည်။ ထို့နောက် ဓမ္မရိပ်မဂ္ဂဇင်းထုတ်ဝေသူ ဦးထွန်းရွှေနှင့် ဇနီး ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)တို့က သက်ကြီးစာပေပညာရှင် ခြောက်ဦးအား ဂါရဝပြု ဆေးပစ္စည်းများ ပေးအပ်သည်။ **(ဓါတ်ပုံ)**

ယင်းနောက် နာမကျန်းစာပေပညာရှင် ခြောက်ဦးအတွက် ဆေးဝါးနှင့် ငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဂါရဝပြုခံ ဆရာကြီးများကိုယ်စား ဆရာ ဦးအောင်သင်းက ဓမ္မရိပ်မဂ္ဂဇင်းနှင့် ထုတ်ဝေသူတို့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror တို့

ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့ တန်ချိန် တစ်ဘီလီယံ လျှော့ချနိုင်က ဒေါ်လာ ၂၅ သန်းပေးမည်

ကမ္ဘာ့လေလွှာထုမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အများအပြား လျှော့ချပေးနိုင်မည့် သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိမှုတစ်ရပ်ကို ဖော်ထုတ်ပေးနိုင်သူ တစ်ဦးဦး (သို့မဟုတ်) အဖွဲ့အစည်း တစ်ရပ်ရပ်အား ဆုငွေ အမေရိကန်ဒေါ်လာ ၂၅ သန်း (ပေါင် ၁၂ ဒသမ ၇သန်း) ချီးမြှင့်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ ဆာရစ်ချတ် ဘရန်ဆန် ဆိုသူက ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဖော်ကြေညာခဲ့သည်။

၎င်း၏ ကြေညာချက်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ကမ္ဘာ့လေထုအတွင်းမှ တစ်နှစ်လျှင် အနည်းဆုံး တန်ချိန် တစ်ဘီလီယံ လျှော့ချပေးနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်ရမည်ဟု ပါရှိသည်။ အဆိုပါ ဆုအတွက် နောက်ဆုံးသတ်မှတ်ရက်မှာ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၈ရက် ဖြစ်သည်။ ဆုအမည်မှာ "ကမ္ဘာမြေစိန်ခေါ်မှု" ဖြစ်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၅	၄။ ကျန်းမာသုတ
၁၂:၃၀	၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တစ်ဦးတည်းသောသား (ဇာတ်သိမ်းပိုင်း) လူမင်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ–မောင်တင်ဦး)**
၁:၅၀	၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၅။ မျိုးချစ်တပ်မတော်
၄:၄၅	၆။ သာယာတီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၂၀	၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပုံရိပ်ပမာ (အပိုင်း–၆၅)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ မိုးလေဝသသတင်း
	၁၆။ အမျိုးသားရေးတေးကဗျာ
	၁၇။ လူရွှင်တော်ရွှေဖလား
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **FA Cup-2008 ဘောလုံးပွဲအစီအစဉ် – Wigan Vs Chelsea (Live)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

အေးလွန်းသော်လည်း မမှုပြီ၊ ဝင်ရိုးစွန်းသို့ချီ

၁၂ရာသီ ရေခဲပြီး ရှုလေရာရာ တစ်ခွင်တစ်ပြင်လုံး ရေခဲပင်လယ်ပြင်ကြီးသာ မြင်တွေ့နေရသည့် ဝင်ရိုးစွန်းဒေသသို့ တစ်ဦးတည်း စွန့်စွန့်စားစား သွားရောက်သူ၊ အဖွဲ့လိုက် သွားရောက်သူများ ရှိသကဲ့သို့ သားအမိ၊ ဇနီးမောင်နှံ စသည်ဖြင့်လည်း စွန့်စွန့်စားစား စူးစမ်းရှာဖွေ သွားရောက်ကြသည်ကို ကမ္ဘာ့မှတ်တမ်း၌ မှတ်တမ်းတင်ဖော်ပြခဲ့သည်။

ဝင်ရိုးစွန်းဒေသရောက် ပထမဆုံး သားအမိ

၂၀၀၇ ခုနှစ် မေ ၂ ရက် နံနက်တွင် ယူနိုက်တက်ကင်းဒမ်းမှ မိခင်ဖြစ်သူ ဂျွန်မိခ်နှင့် သားဖြစ်သူ ဒန်နီယာယ်ဘိုင်းလ် **(ယာပုံ)**တို့ သည် မြောက်ဝင်ရိုးစွန်းဒေသသို့ ရောက်ရှိသည့် ပထမဆုံး သားအမိ စံချိန်ကို တင်နိုင်ခဲ့သည်။



၂၄ ရက်ကြာ

အဆိုပါ သားအမိသည် ကီလိုမီတာ ၅၆၀ (မိုင် ၃၅၀) ခရီးကို ခြေကျင်တစ်မျိုး၊ ရေခဲပြင်လျှောစီး၍ တစ်ဖုံ ၂၄ ရက်ကြာ ခက်ခဲပင်ပန်းစွာ ဖြတ်သန်းခဲ့ကြရသည်။

ဝင်ရိုးစွန်းဒေသရောက် ပထမဆုံးဇနီးမောင်နှံ

ဆွီဒင်နိုင်ငံမှ သောမတ်စ်နှင့် တီနာဆော့ဂျ်ရင် ဇနီးမောင်နှံ **(အပေါ်ပုံ)** တို့သည် မည်သည့် အထောက်အပံ့ အကူအညီမှမပါဘဲ တောင်ဝင်ရိုးစွန်းရော မြောက်ဝင်ရိုးစွန်းကိုပါ စွန့်စားသွားရောက်ခဲ့သော ပထမဆုံး ဇနီးမောင်နှံအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

၂၀၀၂ ခုနှစ် မတ် ၂၂ ရက်တွင် ကနေဒါမှ စတင်ထွက်ခွာခဲ့ကြရာ မြောက်ဝင်ရိုးစွန်းသို့ မေ ၂၉ ရက်၌ ရောက်ရှိခဲ့သည်။ ရက်သတ္တပတ် အနည်းငယ်မျှသာ အနားယူပြီး တောင်ဝင်ရိုးစွန်းသို့ ဆက်လက်သွားရောက်ကြရာ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အောင်မြင်စွာ ရောက်ရှိခဲ့သည်။

တောင်ဝင်ရိုးစွန်းရောက် ပထမဆုံး လူသား

နော်ဝေနိုင်ငံမှ ဂိုးလ်ဒ်အင် ဂျီဘာ့သ်ဂရာမင် နင်းအမင်ဆင် ခေါင်းဆောင်သည့် ငါးဦးပါ အဖွဲ့သည် ခွေးဆွဲစွပ်ဖားလှည်းဖြင့် ၅၃ ရက်ကြာ ခရီးကြမ်းနှင်ခဲ့ပြီးနောက် ၁၉၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီတွင် လူသားများ ခြေမချဖူးသေးသည့် တောင်ဝင်ရိုးစွန်းသို့ ရောက်ရှိခဲ့ရာ ၎င်းတို့သည် တောင်ဝင်ရိုးစွန်းဒေသသို့ ပထမဆုံးရောက်ရှိသူများအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။

ဝင်ရိုးစွန်းဒေသသို့ အကြိမ်အများဆုံး စွန့်စားသွားရောက်သူ

ကနေဒါနိုင်ငံသား ပေါလ်လန်ဒရီ **(အောက်ပုံ)** သည် ကမ္ဘာပေါ်တွင် ဝင်ရိုးစွန်းဒေသသို့ အကြိမ်အများဆုံး (ခုနစ်ကြိမ်) သွားရောက်သူအဖြစ် ကမ္ဘာ့မှတ်တမ်းစာအုပ်၌ ဖော်ပြခြင်းခံရသည်။

၎င်းသည် မြောက်ဝင်ရိုးစွန်းသို့ ၁၉၉၈ ခုနှစ် ဧပြီလ၊ ၂၀၀၀ ပြည့်နှစ် ဧပြီလ၊ ၂၀၀၁ ခုနှစ် ဧပြီလနှင့် ၂၀၀၂ ခုနှစ် ဧပြီလတို့တွင် လေးကြိမ် သွားရောက်ခဲ့သည်။

တောင်ဝင်ရိုး စွန်းဒေသသို့လည်း ၂၀၀၂ ခုနှစ် ဇန်နဝါရီလ၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလတို့၌ သုံးကြိမ် သွားရောက်ခဲ့သည်။

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန် စာမေးပွဲတို့၌ အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ယမန်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်-

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

(ယမန်နေ့မှအဆက်)

သုတ္တန္တပိဋက၊ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၂)ပါး

၁။ ပလ္လင်အမှတ်(၆) အရှင်ဝိစိတ္တသာရ၊ အသက်(၃၃)နှစ်၊သိက္ခာ(၁၃)ဝါ၊ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၇) အရှင်အာစိဏ္ဏ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋက နိကာယ်ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ (၂၅)ပါး

၁။ ပလ္လင်အမှတ် (၉) အရှင်ဇာနေယျ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ် (၁၄) အရှင်ဣန္ဒက၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ် (၁၆) အရှင်ဉာဏမဥ္ဇူ၊အသက်(၂၉)နှစ်၊သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ် (၁၇) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ပလ္လင်အမှတ် (၁၈) အရှင်ဓမ္မာနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ ဓမ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ပလ္လင်အမှတ် (၁၉) အရှင်ဉာဏဝရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ လက်ပန်ပင်ကျောင်း၊ ကဲဘာရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ် (၂၀) အရှင်မင်္ဂလာစာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၈။ ပလ္လင်အမှတ် (၂၂) အရှင်အာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၉။ ပလ္လင်အမှတ် (၂၃) အရှင်ပဏ္ဍိတ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ပလ္လင်အမှတ် (၂၄) အရှင်ဝေပုလ္လ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၁။ ပလ္လင်အမှတ် (၂၅) အရှင်စက္ကိန္ဒာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ပလ္လင်အမှတ် (၂၉) အရှင်ကေလာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ပလ္လင်အမှတ် (၃၁) အရှင်မဏိဇောတာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ သစ်တိုကျွန်းကျောင်း၊ သစ်တိုကျွန်းရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၄။ ပလ္လင်အမှတ် (၃၅) အရှင်တေဇနိယျ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ် (၃၆) အရှင်ကောသလ္လ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ အနီးစခန်း၊ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ပလ္လင်အမှတ် (၃၉) အရှင်နန္ဒိယ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၇။ ပလ္လင်အမှတ် (၄၀) အရှင်တေဇောဘာသ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊တိပိဋက မဟာဂန္ထဝင်နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

(ဆက်လက်ဖော်ပြပါမည်)

တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံးတော်မူကြလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထမ်းရွက်တော်မူနေကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ အဘိဓာန်ကျမ်းပြု ဆရာတော်ကြီးများ၊ ပုစ္ဆာကဆရာတော်ကြီးများ၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှု သင်တန်းနည်းပြဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ (အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်)အတွက် ငွေကျပ် ၂၂၀၀နှုန်းဖြင့် လှူဒါန်းပူဇော်နိုင်သည်။

ကုသိုလ်ရှင်များ လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (စာမေးပွဲ) ဖုန်း-၆၆၀၂၆၉၊ ဆွမ်းကွမ်းဌာနစု ဖုန်း-၆၆၀၉၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ္တဝိဝေကကျောင်းတော်ကြီး အုတ်မြစ်စီ မင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူဓမ္မရိပ်သာ၌ စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ကျင်းပသည်။

ပက်ဖျန်းပေး

ရှေးဦးစွာ ရတနာမဉ္ဇူဓမ္မရိပ်သာကျောင်း ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)နှင့် သံဃာတော်များ၊ ကျောင်းမတည် အလှူရှင် သမိုင်း(၂)ရပ်ကွက် ဘောဂသိဒ္ဓိလမ်းနေ ဦးမောင်မောင်ကြည်နှင့် မိသားစု၊ ကျောင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဆရာတော်နှင့် အလှူရှင်များ၊ ဧည့်သည်တော်တို့က သတ်မှတ်နေရာအသီးသီးတွင် အုတ်မြစ်တော်များ စီပေးကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး**(ယာပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

သန္တိသုခကျောင်းတိုက် သိမ်တော်ကြီးအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၅

ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာသမိုင်းဝင် ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး၏တောင်ခြေရင်းရှိ သန္တိသုခကျောင်းတိုက် ပရဝဏ်အတွင်း သိမ်တော်ကြီးတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၆ ရက်က သမိုင်းဝင် ဒေးစွန်ပါဆံတော်ရှင် တောင်ခြေရင်းရှိ သန္တိသုခကျောင်းတိုက်၌ ကျင်းပသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ကွယ်လွန်သူ နှစ်ဖက်မိဘနှင့် အစ်ကိုကြီး ဦးကြူဝမ်း၊ ဦးဟိတ်ရှိန်၊ ခင်ပွန်း ဦးအောင်မြင့်၊ သမီး မစိန်စိန်တို့အားရည်စူး၍ ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း(အထက်) အမှတ်-၃၇၃နေ (ဦးစိုးလွင်နှင့်သားများ ဂျုံဖြူရေပန့်ရောင်းဝယ်ဖြန့်ဖြူးရေး) ဇနီးဖြစ်သူ ဒေါ်လှမြင့်၊ သား မောင်ထွန်းသောင်း မောင်ဦးစိုးလွင်၊ ဒေါ်အေးအေးဆွေ၊ ကိုအောင်ကျော်ဦး-မခင်စိုးသီ B.A (English) Dip in E.L.T, M.A (TEFL), H.G.P၊ မြေး မငြိမ်းဆုဝေ မိသားစုကငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်း သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက်၊ အောင်နီလာလမ်းနေ အရပ်ဆရာအောင်-ဇနီး ဒေါ်နှင်းရည်ကျော်၊ သား ဘုန်းပြည့်ကျော် မိသားစုက ငွေကျပ် ၁၀သိန်းကိုလည်းကောင်း**(အပေါ်ယာပုံ)**၊ အောင်လံမြို့နေ ဦးခင်မောင်ဝင်း-ဒေါ်ခင်သောင်းအေး ပုလဲဆုပိုင်ပွဲရုံ(ဆန်+ဆီ) ရောင်းက ငွေကျပ် နှစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ဝါးခယ်မမြို့နေ ဦးဇော်မင်းဟိဏ်း-ဒေါ်လှလှခိုင်မိသားစုက ငွေကျပ် နှစ်သိန်း ၊ ရန်ကုန်မြို့နေ ဦးတင်အုန်း(သစ်တော)-ဒေါ်နိုင်နိုင်ဇော် မိသားစုက ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ် ဦးဝင်းစိုး-မသန်းသန်းမာ မိသားစု၊ ဦးအဖိုး-ဒေါ်ခင်ရီမိသားစု၊ ဦးကံညွန့်-မကြူကြူမိသားစု၊ ဦးဝင်းဆွေ-မအေးသစ် မိသားစုတို့က ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ ပဲခူးတိုင်း၊ ဝေါမြို့နယ်နေ မခင်စမ်းဝေ မိသားစုက ငွေကျပ် တစ်သိန်းနှင့် တစ်သိန်းအောက် အလှူရှင် ၇၀ တို့က စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၁၃၀ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(က-ပ)

ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြတ်ဗုဒ္ဓ၏ ဆံတော်အစစ်ဓာတ်အနှစ်တို့ ကိန်းဝပ်စံပယ်ရာ ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ခမွန်သောကုန်းတော်ပေါ်ရှိ ရှေးဟောင်း သမိုင်းဝင် ရွှေအောင်ရွှေး (ခေါ်) ဆံတော်ရှင် စူဠာမုနိ စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ၁၄ ရက်မှ ၂၃ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ရဟတ်နှင့် အခြားဈေးဆိုင်ခန်းများ ဆောင်ရွက်လုပ်ကိုင်လိုသူများသည် စေတီတော်ဂေါပကအဖွဲ့ထံသို့ ဖေဖော်ဝါရီ ၂ ရက်နောက်ဆုံးထား ဆက်သွယ်ဆောင်ရွက်နိုင်ပြီး စေတီတော်ကြီးအတွက် အလှူငွေ၊ ဆွမ်းဆန်စိမ်း၊ အခြားလှူဖွယ်ဝတ္ထုအစုစုလှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ ဖုန်း-၀၅၂-၂၄၃၂၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(၁၃၂)

အကောက်ခွန်ဦးစီးဌာန စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၅၀၀၌ ကျင်းပသည်။

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ရောဂါဗေဒဌာနမှ ဌာနမှူး ဒုတိယ ဗိုလ်မှူးကြီး ဉာဏ်ထိန်လင်းနှင့် ရောဂါ ဗေဒပါရဂူ ဗိုလ်မှူး ဒေါ်တင်တင်စန်းတို့က သွေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အကောက်ခွန်ဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက ငွေကျပ် တစ်သိန်း တန်ဖိုးရှိ သွေးအိတ်နှင့်သွေးပိုက်များကို လှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀ တပ်မှူးကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဉာဏ်ထိန်လင်းက လက်ခံသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၃၀ တို့က စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ဖြူးဆရာတော်ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏တပည့်၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ရက်တွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၊ ၄ ရက်တွင် ရွှေပြည်သာမြို့၊ ၁၁ ရပ်ကွက် ကေတုမတီပန်းခြံလမ်း၊ ၅ ရက်နှင့် ၆ ရက်တွင် မွန်ပြည်နယ်၊ သထုံမြို့၊ ရွှေစာရံဘုရား၊ ၈ ရက်တွင် ကမာရွတ်မြို့နယ်၊ မာလာမြိုင် (၈) လမ်း မိဘကျေးဇူးဆပ်တရားပွဲ၊ ၁၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ ထူးကြီးတောင်ရွာ ဦးသန်းဝင်း-ဒေါ်စန်းမြင့် ရှင်ပြုအလှူ၊ ၁၉ ရက်တွင် ပဲခူးတိုင်း အုတ်တွင်းမြို့နှင့် ၂၀ ရက်တွင် ပဲခူးတိုင်း ကျွဲပွဲမြို့တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်သူများသည် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ ၁၈၁ နှင့် မြိုင်ဆရာတော် ဖုန်း-၀၉ ၅၀၄၇၇၆၁ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ် နိုင်ငံ့ဝန်ထမ်းများရော ပြည်သူများကပါ တည်ငြိမ်အေးချမ်းမှုများကို အမြဲမပြတ် ပူးပေါင်းထိန်းသိမ်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(နန်းယွန်းမြို့)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မြစ်ကြီးနားမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး နံနက် ၁၀ နာရီခွဲတွင် တနိုင်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် နန်းယွန်းမြို့ ဗန္ဓုလခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် နန်းယွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းစိုးက မြို့နယ်၏ ဖွံ့စည်းမှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု၊ ပီလောပီနံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လယ်ယာမြေတိုးချဲ့မှု၊ ရေအားလျှပ်စစ်ဓာတ်အားရရှိမှု၊ မြို့သောက်သုံးရေရရှိမှု၊ ယောင်းငွေချောင်းကူးတံတား တည်ဆောက်မှုနှင့် ကျေးလက်လမ်းဖောက်လုပ်မှု၊ နန်းယွန်းမြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးချုပ်က နယ်မြေအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် အဖွဲ့သည် မြစ်ကြီးနား၊ ဗန်းမော်မြို့၊ မြန်မာနိုင်ငံ၏ အစွန်အဖျားဒေသများဖြစ်သည့် နောင်မွန်၊ တနိုင်း၊ နန်းယွန်း၊ ပန်ဆောင်နှင့် ရှင်ဗွေယန်မြို့များသို့ သွားရောက်ကြည့်ရှုပြီး ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရန်နှင့် နယ်စွန်နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို အားပေးရန် လာရောက်ခဲ့ကြကြောင်း။

ကချင်ပြည်နယ်၏ အစွန်အဖျားရှိ ပန်နန်းဒင်၊ ခေါင်လံဖူးမြို့များကိုပါ သွားရောက်ရန်ကြိုးစားခဲ့သော်လည်း ရာသီဥတုအခြေအခြေနေမပေး၍ မသွားရောက်ဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါမြို့များ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပြည်နယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

နန်းယွန်းမြို့နယ်သည် အိန္ဒိယနိုင်ငံနှင့် နယ်မြေထိစပ်လျက်ရှိသည့် မြို့နယ်ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့် မြို့နယ်ဖြစ်ကြောင်း။

ယနေ့ မိမိမှာကြားလိုသည်မှာ **ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးနှင့် အေးချမ်းသာယာသည့် လူနေမှုအခြေအနေကောင်းများရရှိအောင် ဦးဆောင်ဦးရွက်ပြုရမည့်သူများမှာ အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကျွမ်းကျင်သည့် အတတ်ပညာရပ်များဖြင့် ရပ်မိရပ်ဖများ၊ ဒေသနေ ပြည်သူများ၏ အားကိုးယုံ၍ မှန်ကန်သော စေတနာလုပ်ဆောင်ချက်များဖြင့် ပြည်သူများအား ဦးဆောင်ဦးရွက်ပြုကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များ ပြည့်ဝစေရအောင် အမြဲတစေ လေ့လာသုံးသပ်ပြီး ပြည်သူအတွက် အကျိုးပြုသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်၊ လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။**

ထို့အပြင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်၍ နိုင်ငံ့ဝန်ထမ်းများရော ပြည်သူများကပါ တည်ငြိမ်အေးချမ်းမှုများကို အမြဲမပြတ် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဒေသနေပြည်သူများအတွက် အရေးအကြီးဆုံးဖြစ်သည့် စားရေးဖူလုံမှုရှိစေရအောင် မြို့နယ်တစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ခုလုံး၏ ဝမ်းစာအတွက် ပူပင်ကြောင့်ကြမှုမရှိရလေအောင် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မစိုက်ပျိုးရသေးသည့် မြေလွတ်မြေရိုင်းများကို လယ်မြေ၊ ယာမြေများအဖြစ် ဖော်ထုတ်ခြင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများသုံးစွဲခြင်း၊ တစ်သီးမှ နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်အောင် ဝီရိယစိုက်ထုတ် ဆောင်ရွက်သွားကြလျှင် ဝမ်းစာပိုလျှံရုံသာမက လူတစ်ဦးချင်းစီ၏ စီးပွားရေး ဖြစ်ထွန်းမှုကိုပါ အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း၊ သဘာဝက မိမိတို့အား ပေးအပ်ထားသည့် ရေ၊ မြေသယံဇာတ အခြေခံကောင်းများကို လက်တွေ့ကျကျအသုံးချပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်အောင်မြင်အောင် အမြဲကြံဆ လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအခြေခံကောင်းများကို လက်တွေ့အသုံးချပြီး ဒေသနေလူငယ်လူရွယ်များ ပညာရည်တိုးတက်မြင့်မားရေး၊ ပြည်သူများ ကျန်းမာရေးအဆင့်အတန်းကောင်းမွန်ရေး၊ လူမှုစီးပွားရေးဘဝ မြင့်မားရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင်မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်ကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ခင်မြတ်နိုးသည့်စိတ်ဓာတ်၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများ မထားရှိဘဲ ဤမြေပေါ်မှာနေပြီး ဤရေကို အတူသောက်ကြသည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများဖြစ်ကြသည့်အတိုင်း တိုင်းရင်းသားအားလုံး၏ စိတ်သဏ္ဌာန်တွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တိုးပွားလာစေရအောင် နိုင်ငံ့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပန်ဆောင်မြို့ နောင်ယန်းခန်းမ၌ ဒေသခံတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းနှင့် အဝတ်အထည်များ ပေးအပ်စဉ်။
(သတင်းစဉ်)

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသနေ ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးနှင့် အေးချမ်းသာယာသည့် လူနေမှုအခြေအနေကောင်းများ ရရှိအောင် ဦးဆောင်ဦးရွက်ပြုရမည့်သူများမှာ အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကျွမ်းကျင်သည့် အတတ်ပညာရပ်များဖြင့် ရပ်မိရပ်ဖများ၊ ဒေသနေ ပြည်သူများ၏ အားကိုးယုံ၍ မှန်ကန်သော စေတနာလုပ်ဆောင်ချက်များဖြင့် ပြည်သူများအား ဦးဆောင်ဦးရွက်ပြု၊ ပြည်သူများ၏လိုအပ်ချက်များ ပြည့်ဝစေရအောင် အမြဲတစေ လေ့လာသုံးသပ်ပြီး ပြည်သူအတွက် အကျိုးပြုသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်၊ လုပ်ကိုင်သွား။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သစ်တောဦးစီးဌာန ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဝန်ထမ်းအားလုံးက ဦးဆောင်စည်းရုံးသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် နာဂရိုးရာယဉ်ကျေးမှုအဖွဲ့တို့မှ တာဝန်ရှိသူများထံ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က နန်းယွန်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဆေးပဒေသာပင်အတွက် ပံ့ပိုးငွေကျပ်သိန်း ၂၀ ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လိုအပ်သည်များကို မေးမြန်းကာ ရေအားလျှပ်စစ်ဓာတ်ရရှိရေးနှင့် ဒေသလိုအပ်ချက်များကို ပံ့ပိုးကူညီ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် နန်းယွန်းမြို့နယ် ရေအားလျှပ်စစ်ရရှိရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို Jade Land Co., မှ ဦးယွပ်ဇော်ခေါင်က တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(နန်းယွန်းမြို့)သို့ရောက်ရှိ၍ စက်ချုပ်သင်တန်းကို ကြည့်ရှုစစ်ဆေးကာ ဆရာမများနှင့် သင်တန်းသူများအား အားပေးစကားပြောကြားပြီး ဆရာမများအား ပံ့ပိုးငွေများကို ပေးအပ်သည်။

အဆိုပါသင်တန်းကျောင်းက ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းနှင့် ကြိမ်၊ဝါးသင်တန်းတို့မှ သင်တန်းသူ ၁၄၂ဦးတို့ အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နန်းယွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၂နာရီ မိနစ် ၄၀ တွင် နန်းယွန်းမြို့နယ် ပန်ဆောင်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြရာ ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်က နောင်ယန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံရာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား ဒေသဆိုင်ရာအခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ညှိနှိုင်းပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးချုပ်က နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် ဒေသတွင်းရှိပြီးဖြစ်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ပေးရေး၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာများ တတ်မြောက်သင်ယူနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝရရှိအောင် ဆောင်ရွက်ကြရေး၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါးနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ဖြစ်နိုင်ခြေရှိသည့်နေရာများကို ရှာဖွေဖော်ထုတ်ရေး၊ လယ်ယာမြေနှင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားများနှင့် မြို့နယ်ဥက္ကဋ္ဌတို့အား လက်ဆောင်ပစ္စည်း၊ အဝတ်အထည်များနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၈သိန်းတို့ကို ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတို့က မြို့မိမြို့ဖများနှင့် မြို့နယ်ဥက္ကဋ္ဌတို့ထံ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပန်ဆောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ညနေ ၃နာရီခွဲတွင် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် ရှင်ဗွေယန်မြို့ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံပွဲအခမ်းအနားကို ညနေပိုင်းတွင် ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်က ရှင်ဗွေယန်မြို့၏ မြို့နယ်ဖွဲ့စည်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ကျောင်းများဖွင့်လှစ်နိုင်မှု၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှု၊ စပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံများစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်မှု၊ နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်မှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အိုင်ပီစတားတယ်လီဖုန်းများ တပ်ဆင်ဆက်သွယ်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်ရမည့် ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရေး၊ လူငယ်လူရွယ်များအားလုံး ပညာရေးအဆင့်အတန်း တိုးတက်အောင် စည်းရုံးကူညီဆောင်ရွက်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်ရေး၊ ဒေသနေ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် မိမိတို့၏အတတ်ပညာ၊ အသိပညာများဖြင့် ကူညီပံ့ပိုးသွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအမြဲထာဝစဉ်ဖြစ်ထွန်းစေရန် အလေးထား ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က လက်ဆောင်ပစ္စည်းများနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် ဆေးပဒေသာပင်တို့အတွက် ပံ့ပိုးငွေကျပ် ၁၈ သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်ဗွေယန် မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် တနိုင်းမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်က မြို့နယ်၏ဖွဲ့စည်းမှု၊ တနိုင်း-မိုင်းခွန်းကားလမ်းပေါ်ရှိ လမ်း၊ တံတားများ ပြုပြင်ပြီးစီးမှု၊ ရှင်ဗွေယန်အထကနှင့် နောင်းလုံကောင်ရာအမကတို့တွင် ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ပြုပြင်ပြီးစီးမှု၊ စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ခြံစည်းရိုးကြက်ဆူ၊ ရော်ဘာ၊ ကြံ၊ သစ်ဆိမ့်နှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ မွေးမြူရေးနှင့် ငါးမျိုးများ စိုက်ထည့်မှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တနိုင်းမြို့နယ်၏ မြေမျက်နှာသွင်ပြင်သည် ပြန့်ပြူးမှုရှိသည့်အပြင် ရာသီဥတုကောင်းမွန်မှုတပြီး ရေမြေသယံဇာတ၊ သစ်တောသယံဇာတများ ပေါကြွယ်ဝသည့် မြို့နယ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆန်စပါး၊ သားငါးနှင့် သစ်တောထွက်သယံဇာတပစ္စည်းထုတ်လုပ်လျှင် ထုတ်နိုင်သမျှ အကျိုးဖြစ်ထွန်းစေမည့် ဒေသတစ်ခုဖြစ်ကြောင်း။

ထို့အပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်ဖောက်လုပ်ခဲ့သည့် နာမည်ကျော် လီဒိုလမ်းမကြီးပေါ်တွင် တည်ရှိသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါလမ်းကို အသုံးပြု၍ အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ပါက တနိုင်းဒေသအနေဖြင့် အရေးပါသည့် အဓိကအချက်အချာဒေသတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

ထို့အပြင် တနိုင်းမြို့နယ်အတွင်း မြစ်ချောင်းများပေါများသည့်အလျောက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများနှင့်လည်း ပြည့်စုံကြောင်း၊ ထို့ကြောင့် တနိုင်းမြို့နယ်၏အနေအထားသည် ဒေသစီးပွားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြေခံကောင်းများ ပြည့်စုံမှုရှိနေကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက နိုင်ငံတော်အနှံ့အပြား ဒေသအားလုံးတွင် စီးပွားရေးဖြစ်ထွန်းစေမည့် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတား၊ လေဆိပ်၊ ဆိပ်ကမ်းများကို လည်းကောင်း၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေးအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များ၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် အခြေခံအဆောက်အအုံများစွာကို တည်ထောင်ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသားအားလုံးအနေဖြင့် မိမိတို့ရရှိနေသည့်အခြေခံကောင်းများကို ထိထိမိမိ အကျိုးရှိရှိ အသုံးချရန် မှာကြားလိုကြောင်း၊ မိမိတစ်ဦးချင်း၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းသည် မိမိအတွက်သာမက ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ အကျိုးသက်ရောက်ဖြစ်ထွန်းစေနိုင်မည်ဖြစ်၍ နိုင်ငံတော်က ပံ့ပိုးကူညီတွန်းအားပေးဆောင်ရွက်နေသည့် အချိန်အခါကောင်းကို လက်လွတ်မခံဘဲ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က လူမှုရေးအသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများ၊ ပံ့ပိုးငွေနှင့် ဆေးပဒေသာပင်အတွက် လှူဒါန်းငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများထံ ပေးအပ်သည်။

ဆက်လက်၍ Jade Land Co. မှ ဦးယွပ်ဇော်ခေါင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် သိန်း ၃၀ ကို မြို့နယ်ဥက္ကဋ္ဌထံပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်သည် တက်ရောက်လာသူများအား သိရှိလိုသည်များကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ လက်ထောက်မြို့နယ်ဆရာဝန် ဒေါက်တာစိုင်းထွန်းနှင့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာမများက ကြိုဆိုကြပြီး ဝန်ကြီးချုပ်က ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသမှုအခြေအနေများကို မေးမြန်းပြီး ဆရာဝန်နှင့် သူနာပြုဆရာမများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအတွက် ပံ့ပိုးငွေများကို သူနာပြုဆရာမကြီးထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သစ်တောဦးစီးဌာန ဟူးကောင်းကျားထိန်းသိမ်းရေး နယ်မြေပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်၌ ပြသထားသော ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ခါကာဘိုရာဇီနှင့် ဟူးကောင်းချိုင့်ဝှမ်းသို့ရောက်ရှိပြီး ဧည့်သည်တော်များနှင့် ပညာရှင်များ ကျားနှင့်ဆင် လေ့လာစာရင်းကောက်ယူရေး သုတေသနကျွမ်းကျင်မှုသင်တန်း၊ နယ်လှည့်ပညာပေးလုပ်ငန်း၊ ကင်မရာထောင်ချောက်ဖြင့် ရရှိသော ကျားဓာတ်ပုံများ၊ ကင်မရာထောင်ချောက်ဖြင့်ရရှိသော နို့တိုက်သတ္တဝါများ၊ ဟူးကောင်းဒေသတွင်တွေ့ရသော ရှားပါးငှက်မျိုးစိတ်များနှင့်ဟူးကောင်းဒေသတွင် တွေ့ရသော ရေပျော်ငှက်မျိုးစိတ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာနက ၂၀၀၁ခုနှစ် ဧပြီ ၃ရက်တွင် ဟူးကောင်းချိုင့်ဝှမ်းကို ဘေးမဲ့တောအဖြစ် ရည်ရွယ်ကြောင်း ကြေညာခဲ့ပြီး ၂၀၀၄ခုနှစ် ဇွန်လတွင် စတုရန်းမိုင် ၂၄၆၀ ရှိသော ဧရိယာကို ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ဘေးမဲ့တော၏ ဆက်စပ်ဧရိယာများကို ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် တိုးချဲ့စီမံအုပ်ချုပ်ရန် ၂၀၀၄ခုနှစ် မတ် ၁ရက်တွင် ၅၉၅၈ စတုရန်းမိုင်ကို ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော(တိုးချဲ့) အဖြစ် ကြေညာခဲ့သည်။

ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေကို လူနှင့်ကျားတို့အတူယှဉ်တွဲနေထိုင်နိုင်စွမ်းရှိသော စံနမူနာသဘာဝနယ်မြေတစ်ခုအဖြစ် ဒေသခံလူထု၏ လက်တွဲပူးပေါင်းမှုကို ရယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့မှမော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁ နာရီတွင် ဖားကန့်မြို့နယ် နောင်မီးစခန်းရှိ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ယုဇန ဘက်စုံစိုက်ပျိုးရေးက ကျင်းပသည့် ပီလောပီနံ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကာ စိုက်ပျိုးရေးလုပ်သားများအား ပီလောပီနံမျိုးကိုင်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးများနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက စိုက်ပျိုးရေးလုပ်သားများအား ပီလောပီနံမျိုးကိုင်းများကို ဆက်လက်ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရုပ်မျှော်စင်မှ မြေယာပြုပြင်ထားမှု၊ ကြံနှင့် ပီလောပီနံများ စိုက်ပျိုးထားမှု၊ စက်ယန္တရားများဖြင့် ကြံစိုက်ပျိုးနေမှုနှင့် လုပ်သားအင်အားဖြင့် စုပေါင်းပီလောပီနံ စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပြသထားသော ကြံအမျိုးအစားများနှင့် ပီလောပီနံ အမျိုးအစားများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်အား ဗလမင်းထင်ခန်းမ၌ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနစိုက်ပျိုးရေး စီမံကိန်း၏ ရည်ရွယ်ချက်၊ မြေရယူထားမှု၊ သီးနှံများ စိုက်ပျိုးမှုနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

✻ စာမျက်နှာ ၉ မှ

မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားမှု၊ မြေဖော်ထုတ်ပြီးစီးမှု၊ စိုက်ပျိုးရေးအခြေခံ စက်မှုဇုန်အဖြစ် တည်ဆောက်နေမှု၊ နှစ်အလိုက် စိုက်ဧကများ ဖော်ထုတ်သွားမည့် လျာထားချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ဝန်ကြီးချုပ်က စိုက်ပျိုးရေးကုန်ကြမ်း ထွက်ရှိသည်နှင့် တစ်ပြိုင်နက်တည်း ကုန်ချောထုတ်လုပ်နိုင်ရန်အတွက် စက်ရုံ တည်ဆောက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် ဒေသ နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာ ပြန့်ပွားအောင် ကူညီဆောင်ရွက်သွားရန်မှာကြားသည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းသည် ကချင်ပြည်နယ်ဖားကန့် မြို့နယ်နှင့် တနိုင်းမြို့နယ်များရှိ မြေလွတ်မြေရိုင်းများ၌ မြေယာဖော်ထုတ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြေဧက ၁၇၁၀၀ ဖော်ထုတ်ပြီးစီးလျက်ရှိပြီး ကြံ၊ ပီလောပီနံ၊ ပြောင်း၊ ပဲပုပ်၊ စပါးနှင့် အခြားသီးနှံများ စုစုပေါင်း ဧက ၆၁၇၀ စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရေးအတွက် ပီလောပီနံကော်မှုန့်စက်ရုံ၊ သကြားစက်ရုံ၊ အီသနောစက်ရုံနှင့် သဘာဝဓာတ်မြေသြဇာ စက်ရုံများကို စတင်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ငါး၊ ဝက်နှင့် နွားမွေးမြူသည့်လုပ်ငန်းများပါ တွဲဖက်ဆောင်ရွက်ရန်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နောင်မီးစခန်းမှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ညနေ ၃နာရီတွင် မြစ်ကြီးနားမြို့သို့ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး မြစ်ကြီးနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားဖမ်းစက်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ဝတ်စုံများနှင့် တံဆိပ်များ၊ ပညာရေးဌာနအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆေးပဒေသာပင်အတွက် ပံ့ပိုးလှူဒါန်းငွေကျပ်သိန်း ၂၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် အားကစားပစ္စည်းများနှင့် ကျန်းမာရေးဌာနအတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး နယ်မြေအတွင်း အဖြစ်များသည့် ရောဂါများအခြေအနေ၊ ကျန်းမာရေးပညာပေးခြင်း၊ ဆရာဝန်များနှင့် သူနာပြုဆရာမများအား အခြေခံကာကွယ်ခြင်းနှင့် ကုသမှုအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးတို့ထံ ရုပ်မြင်သံကြားဖမ်းစက်နှင့် အဝတ်အထည်များကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၂၀ရက် မွန်းလွဲပိုင်းတွင် ပန်ဆောင်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့လည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ် (၁)၊ အမှတ်(၂)နှင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ကြီးကြပ်ရေးရုံးများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၂ရက်တွင် ပူတာအိုမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၊ ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် နယ်လှည့်ဒေသဖွံ့ဖြိုးရေးရုံးများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် နောင်မွန်မြို့ နယ်စပ်စည်ပင်သာယာရေး အဖွဲ့ရုံးကိုလည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် နယ်လှည့်ဒေသ ဖွံ့ဖြိုးရေးရုံးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားရေး၊ မြို့များ သန့်ရှင်းသာယာလှပရေး၊ ကျေးလက်လမ်းနှင့် ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများ အသေးစိတ်မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ဇန်နဝါရီ ၂၃ ရက် ညနေပိုင်းတွင် တနိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံပြီး စည်းရုံးရေးကိစ္စများ၊ လူမှုရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားသော ရာသီပန်းပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် တနိုင်းမြို့ရှိ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် စာတိုက်နှင့်ကြေးနန်းစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ခရီးစဉ်ရောက်ရှိသည့် မြို့များ၌ မိမိတို့နှင့်သက်ဆိုင်ရာဌာနများသို့ သွားရောက်ကြပြီး ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဂျိုကိုဗစ်ကဖက်ဒဲရားကိုနိုင်ပြီး ဗိုလ်လုပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၅

သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း အကြိုဗိုလ်လုပွဲအဖြစ် အမျိုးသား ကမ္ဘာ့အဆင့်(၁)၊ လက်ရှိ သြစတြေးလျ အိုးပင်းချန်ပီယံ ဆွစ်ဇာလန်မှ ဖက်ဒဲရားနှင့် ဆားဘီးယားမှ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အဆင့်(၃) ဖြစ်သူ နိုဗက်ဂျိုကိုဗစ်တို့ ယနေ့ယှဉ်ပြိုင်ကစားကြရာ နိုဗက်ဂျိုကိုဗစ်က ရော်ဂျာဖက်ဒဲရားအား ၇-၅၊ ၆-၃၊ ၇-၆ (၇-၅)ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။ နိုဗက်ဂျိုကိုဗစ်သည် ဗိုလ်လုပွဲတွင် ပြင်သစ်မှ ဂျိုဝီဖရက်ဆောင်ဂါနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆောင်ဂါသည် အကြိုဗိုလ်လုပွဲ၌ ကမ္ဘာ့အဆင့်(၂) နာဒဲလ်ကို အနိုင်ရခဲ့သူဖြစ်သည်။

ကမ္ဘာ့အဆင့်(၁)ဖြစ်ပြီး ကြိစတြေးလျ အိုးပင်း တင်းနစ်ချန်ပီယံဆု သုံးကြိမ်ဆက်တိုက်ရရှိထားသူ ဖက်ဒဲရားမှာ သုံးပွဲပြတ်ဖြင့် ရှုံး၍ စတုတ္ထအကြိမ် ချန်ပီယံဘွဲ့ရယူရေး အိပ်မက်ပျက်ပြယ်သွားခဲ့ရသည်။

အင်တာနက်။



အမျိုးသား ကမ္ဘာ့ အဆင့်(၁) လက်ရှိ သြစတြေးလျ အိုးပင်းချန်ပီယံ ဖက်ဒဲရားကို နိုင်ပြီး ဗိုလ်လုပွဲ တက် သွား သည့် ဂျိုကိုဗစ်။

(ဓာတ်ပုံ- အင်တာနက်)

တိုက်ကြီးမြို့နယ်အသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

တိုက်ကြီးမြို့နယ်အသင်း (ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အသင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ အသက် (၈၀)နှစ်နှင့်အထက် အဘိုးအဘွား ၁၃၂ ဦးအား ပူဇော်ကန်တော့ခြင်း၊ ဂုဏ်ထူးဘွဲ့ထူးရ သံဃာတော်သုံးပါး **(အပေါ်ပုံ)**၊ လူပုဂ္ဂိုလ်လေးဦးတို့အား ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုရ ခြောက်ဘာသာ ဂုဏ်ထူးရှင်ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"သေရဦးမယ်သတိထား"တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၇း၅၀-၁း၅၀	နယ်စပ်ဒေသဖွံ့ဖြိုးဝေစည် နတလဒီဂရီကောလိပ်မှသည်
၈း၁၅-၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	အဝိဇ္ဇာမှ ဝိဇ္ဇာသို့ သဘာဝတရားရိပ်သာ
၉း၀၀-၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	Cartoon Show Time (Ice Age)
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နှစ်စဉ်မပျက်ဆင်ကာန္တဲ့ မော်ကျွန်းမြို့ရဲ့စာတော်ပြန်ပွဲ
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	Yangon Panorama (T▲ Home Brand Launching Dinner)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ(ဒိန်ချဉ်ပြုလုပ်နည်း)
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	သက်တော်ရှည်ရာဇဂြိုဟ်ဆရာတော်ကြီး၏ သက်တော်(၁၀၃)နှစ်ပြည့် ရာကျော်ပူဇော်ပွဲအခမ်းအနား
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	ကုန်ထုတ်အစွမ်းနှင့်ပန်း
၁၁း၅၅-၅း၅၅	Activities In The City
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၂း၂၅-၆း၂၅	သဘာဝအစားအစာများ"ရှားစောင်းလက်ပပ်ယိုနှင့်ဖျော်ရည်"
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Mansfield Town-Middles brough	Star Sports (Live)
၉း၂၅	Liverpool-Havant & Waterlooville	ESPN (Live)
	Arsenal-Newscastle	Star Sports (Live)
၁၁း၄၀	Wiga-Chelsea	Star Sports (Live)

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Aston Villa-Blackburn	ESPN(SDD)

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Cameroon-Zambia	Euro Sport (Live)
၂း၀၀	Egypt-Sudan	Euro Sport (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Roma-Palermo	5-Cartoons(Live)

စာရေးဆရာမင်းသိခ်၏ အယူတော်မင်္ဂလာခြံအတွင်း၌ ခိုက်ရန်ဖြစ်ပွား ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပေါ်တော်မူဘုရားလမ်းရှိ စာရေးဆရာမင်းသိခ်၏ အယူတော်မင်္ဂလာခြံအတွင်း၌ ဇန်နဝါရီ ၁၉ ရက်က ခိုက်ရန်ဖြစ်ပွားမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် မှော်ဘီမြို့နယ်ရဲစခန်းက ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၉ရက် နံနက် ၁၀ နာရီကျော်ခန့်တွင် အာကာဦးဆိုသူသည် လိုက်အေ့စ်အဖြူရောင်ယာဉ် အမှတ် ၃က/၉၉၉ ဖြင့် အဆိုပါ အယူတော်မင်္ဂလာခြံအတွင်းသို့ ရောက်ရှိလာကြောင်း၊ အာကာဦးသည် ဗေဒင်ဟောစာတမ်းရယူရန် ယင်းခြံသို့လာရောက်ခြင်းဖြစ်ပြီး ဘုရားခန်းအတွင်း ဖိနပ်စီးဝင်သည့်ကိစ္စ၊ ဟောစာတမ်းကို မွန်းလွဲပိုင်းတွင်မှ ထုတ်ယူ ရရှိနိုင်မည့်ကိစ္စတို့နှင့်ပတ်သက်၍ ဗေဒင်ဟောစာတမ်းထုတ်ပေးသူ ဝေဖြိုးအောင်နှင့် အပြန်အလှန်စကားများခဲ့ကြကြောင်း၊ ထို့နောက် ခြံအတွင်းရှိလူများက အာကာဦး၏ကားကို ဝိုင်းဝန်းတွန်းထိုးပြီး ခဲများဖြင့်ပစ်ပေါက်ခဲ့သဖြင့် ကား၏ဝဲဘက်တံခါးမှန်ကွဲသွားခဲ့ကြောင်း၊ အာကာဦးက ကားဂျိုင့်ထောက်ရာတွင်အသုံးပြုသည့် သုံးပေခန့် သံချောင်းလုံးဖြင့်ရိုက်ခဲ့သဖြင့် ယင်းခြံအတွင်းမှ ဗေဒင်သင်တန်းသား ကျော်သူ (၂၇)နှစ်၏ ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မှော်ဘီရဲစခန်းတွင် အပြန်အလှန်အမှုဖွင့်ထားကြောင်း၊ အာကာဦးနှင့်အတူ ၎င်း၏မိခင်၊ အဒေါ်နှင့် ဇနီးတို့လည်း ကားပေါ်တွင်လိုက်ပါခဲ့ကြကြောင်း သိရှိရသည်။

ထို့အပြင် အာကာဦး၏အမည်မှန်မှာ ထက်ဝေယံထွန်း (၂၅)နှစ် ဆိုသူဖြစ်ကြောင်း၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စစ်တောင်းရိပ်မွန် (၉၄)ရပ်ကွက် နှင်းဆီလမ်း တိုက် (၂၄)တွင်နေထိုင်ကြောင်း၊ ကားပေါ်တွင် တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့် အဆောင်အယောင် ဦးထုပ်တစ်လုံးကို မသက်ဆိုင်ဘဲ တင်ဆောင်ကာ လိမ်လည်အယောင်ဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်ဟု သိရှိရသည်။

သို့ဖြစ်၍ အဆိုပါ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုပြီး အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

မှုခင်းသတင်းများ

ဖယောင်းတိုင်ထွန်းရာမှ အိမ်မီးလောင် ကလေးငယ်နှစ်ဦး သေဆုံး

ရန်ကုန် ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ပင်လုံရပ်ကွက်တွင် ဇန်နဝါရီ ၂၅ ရက် အကူး သန်းခေါင်အလွန် မိနစ် ၂၀ တွင် ဖယောင်းတိုင် မီးထွန်းရာမှ စတင်၍ မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံး မီးလောင်ကျွမ်းသွားပြီး အသက် ၁၃နှစ်အရွယ်နှင့် (၆)နှစ်အရွယ်ရှိ မိန်းကလေးနှစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကယ်ဗင်မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဒါးဆိပ်မြစ်ရေတင်စီမံကိန်း ကြည့်ရှုစစ်ဆေး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မြေပဲနှင့် နေကြာမျိုးများ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် မိုင်းပန်–လင်းခေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး နယ်မြေခံတပ်နယ် ကျော်ထင်နော်ရထာခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အရာရှိ၊ စစ်သည် မိသားစုဝင်များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းပန်မြို့ နယ်မြေခံတပ်နယ် ရွှေသံလွင်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက ဒါးဆိပ်မြစ်ရေတင်စီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးက ဒါးဆိပ်မြစ်ရေတင်စီမံကိန်းမှ ရရှိသည့် ရေအရင်းအမြစ်ကို အသုံးပြု၍ မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြိုးပမ်းစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးမြေပဲ ၁၅ တင်းကို တောင်သူဦးသန်းဦးထံ ပေးအပ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

ယနေ့ မိုးလေဝသ

၂၆–၁–၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။